Nationwide Ceasefire Agreement-Signatory, Ethnic Armed Organizations (NCA-S EAO)
The Peace Process Steering Team (PPST) Meeting (17/2021)

Statement

5 August 2021

The Peace Process Steering Team (PPST) Meeting (18/2021) was held on 4-5 August 2021. After thoroughly discussing matters relating to the current social and political crisis in the Union of Myanmar, we hereby issue our meeting statement as follows:

1. We consider the military council's one sided declaration of the 2020 General Election as void and revoking the result as a withdrawal from Myanmar's democratic transition, which greatly hinders the process of resolving political issues through political means.

2. We welcome the appointment of His Excellency Dato Erywan Pehin Yusof, the Minister for Foreign Affairs (II) of Brunei Darussalam, as ASEAN Special Envoy to Myanmar in pursuance of the ASEAN five-point consensus agreed at the ASEAN Special Summit on Myanmar on 24 April 2021 to resolve the current political crisis of the Union of Myanmar. We will fully support the international community's mediation efforts to ensure that they progress in line with the ground realities within the country.

3. We will seek immediate international assistance to acquire vaccines and other necessary materials related to prevention, management and treatment of the Covid-19 pandemic, and transfer them through cross-border and all possible routes to to reach all the people.

Contact

1. Khun Myint Tun +66 824927361
2. Comrade Myo Win +95 9420330453

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော
တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏
ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေး ( ၁၈/၂၀၂၁)

## ထုတ်ပြန်ကြေညာချက်

၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၅) ရက်

၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၄ ၊ ၅) ရက်နေ့များတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေး (၁၈/၂၀၂၁) ကို ခေါ်ယူကျင်းပခဲ့သည်။ ယင်းအစည်းအဝေးမှ လက်ရှိပြည်ထောင်စုအတွင်း ရင်ဆိုင်နေရသည့် နိုင်ငံရေး၊ လူမှုရေးနှင့် အထွေထွေ အကြပ်အတည်းများ နှင့် ပတ်သက်၍ အလေးအနက်ထား ဆွေးနွေးခဲ့ပြီး အောက်ပါအတိုင်း ထုတ်ပြန်အပ်ပါသည်။

၁။ ၂၀၂၀ ရွေးကောက်ပွဲရလဒ်များ ပျက်ပြယ်ကြောင်း စစ်ကောင်စီက တစ်ဖက်သတ်ကြေညာ၍ ဖျက်သိမ်းခဲ့ခြင်းသည် မိမိတို့ပြည်ထောင်စု၏ဒီမိုကရေစီအသွင်ကူးပြောင်းရေးတိုးတက် ဖြစ်ထွန်းမှုဖြစ်စဉ်ကို နောက်ပြန်ဆုတ်စေပြီး နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရေးအတွက် ကြီးစွာသောအဟန့်အတား ဖြစ်စေသည့် လုပ်ရပ်ဖြစ်သည်ဟု ရှုမြင်သည်။

၂။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ လက်ရှိ နိုင်ငံရေးအကျပ်အတည်း ဖြေရှင်းနိုင်ရေးအတွက် ၂၀၂၁ခုနှစ် ဧပြီလ (၂၄)ရက်နေ့တွင် ကျင်းပခဲ့သည့် ASEAN ၏ မြန်မာနိုင်ငံဆိုင်ရာအထူး ထိပ်သီးအစည်းအဝေး ဘုံသဘောတူညီချက် (၅)ချက်အား အကောင်အထည်ဖော်ဆောင်ရွက်ရန် ASEAN က အထူးသံတမန်အဖြစ် ဘရူနိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး (၂) His Excellency Dato Erywan Pehin Yusof အား ခန့်အပ်ခြင်းကို ကြိုဆိုပြီး၊ နိုင်ငံတကာကြားဝင်စေ့စပ်ဖျန်ဖြေခြင်း များအား ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပကတိနိုင်ငံရေး အခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ Covid 19 ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် ကာကွယ်ဆေးများအား တိုင်းရင်းသားပြည်သူလူထုအားလုံးအတွက် နိုင်ငံတကာအကူအညီများ အမြန်ဆုံးရရှိနိုင်ရေးနှင့် ပြည်သူလူထုလက်ဝယ်အမြန်ဆုံးရောက်ရှိရေးအတွက် နယ်စပ်ဖြတ်ကျော် သယ်ဆောင်နိုင်ရေးအပါအဝင် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်။

ဆက်သွယ်ရန်၊
၁။ ခွန်မြင့်ထွန်း +၆၆ ၈၂၄၉၂၇၃၆၁
၂။ ရဲဘော်မျိုးဝင်း +၉၅ ၉၄၂၀၃၃၀၄၅၃